# သခင့်စကား

The LORD's Word

ဝိညာဉ်ရေး ရာ စာစောင်

ငါသည် အလျှင်အမြန် လာမည်။ ဤစာစောင်၏ အနာဂတ္တိ စကား ကို စောင့်ရှောက်သော သူသည် မင်္ဂလာ ရှိ၏ ။ ဗျာဒိတ် ၂၂း၇

အမှတ်စဉ် (၈၃) ဇူလိုင်လ ၂၀၀၈ ခုနှစ် ဓမ္မဒါန ( လစဉ် ပထမ တနင်္ဂနွေနေ့တိုင်း အခမဲ့ ဖြန့်ချိသည် )


## သွားရည်ကျခြင်း



နာရီ မြင် သွားရည်ကျ
ဟန်းဖုန်း မြင် သွားရည်ကျ
အဝတ်အစား မြင် သွားရည်ကျ
မော်တော်ကား မြင် သွားရည်ကျ
တိုက်တာတွေ မြင် သွားရည်ကျ
ကောင်မလေးတွေ မြင် သွားရည်ကျ
ဟိုဥစ္စာ မြင် သွားရည်ကျ
ဒီဥစ္စာမြင် သွားရည်ကျ
သွားရည်ကျ ...... သွားရည်ကျ
ကျလိုက်တဲ့ သွားရည်တွေ
ကောင်းကင်နိုင်ငံ ရောက်မှ
ရွှေလမ်းပေါ် လျှောက်၊ ငွေခွက်နဲ့ ရေသောက်
စိန်တွေကို ဇယ်လုပ်တောက်
စမ်းချောင်းမှာ ပတ္တမြားတွေ လိုက်ကောက်
ကျောက်စိမ်းတုံးကြီးပေါ် တစ်ထောက်နားရင်း
ကောင်းကင်တမန် မလေးတွေကို ၊
ပုလဲလုံးနဲ့ ပစ်ပေါက်ကျီစယ်ပြီး ၊ ကတ္တီပါ နီလာမွေ့ယာပေါ် ၊
ဆော့ ကစားရမှန်း သိပေမယ့် ၊ အခု လောလောဆယ်တော့ ၊
ဇာတိစိတ် သဘောအလိုကျ
ဒီကနေ့ အထိ သွားရည်ခံ တပ်ပြီး ၊
သွားရည်တွေ တွဲလောင်းကျကာ ၊
စကြာဝဠာမှာ လျှောက်ငမ်းနေရတုံး ။ ။

(မှတ်ချက်။ ။ "သွားရည်ကျ" အား "သရေကျ" ဟုအသံထွက် ဖတ်ပေးပါရန်။)

(မင်းထွန်းသက်လွင်)

---

## ကျွန်တော်နှင့်ယုံကြည်ခြင်း



ယုံကြည်ခြင်း ဆိုတဲ့ သီအိုရီ ဝဲဂယက်ထဲ
ဘုရားသား ငါ့မှာ ဝိညာဉ် အဆန်ချောင်တော့
သံသယတွေ ဒွန်တွဲ၊ လောကီပညာ ကိုင်ဆွဲပြီး
အမြင်တွေဝါး အုန်း(ဦး)တွေစားကာ
ယုံကြည်ခြင်းများ တိုးစေငြားဖို့
ဒူးထောက်ကာဆုခြွေ၊မြတ်စိန္တေကူမတော်မူလေပေါ့။
ယုံကြည်ခြင်း ဆိုတာကလဲ
နေ့ချင်း ညချင်း မတိုးပွား၊ စိတ်ကူးထားသလို မဖြစ်လာပေမဲ့
အရပ်ရှစ်မျက်နှာမှာ တိမ်ဆိုင်လွှာ ဖုံးဝါးမည့်အသွင် ဖန်ချေတော့
ဆုတောင်းလဲ စိတ်အမြဲမဖြောင့်၊ ကျမ်းစာဖတ်လဲ အလင်းသို့မပေါက်
မျက်ရည်တွေအကြားမှာ သခင်ရယ် မြင်လှည့်စမ်းပါပေါ့
ယုံကြည်ခြင်း သူရဲများ ကျမ်းစာက ပြောကြား
စဉ်းစားကာ ဆင်ခြင် ဒါဝိဒ်ကို မြင်လေမှ
ရှက်တတ်တဲ့ စိတ်များ အတ္တကို ရိုက်ခွဲသွားလေရဲ့
ပမာခိုင်းအသွင် လက်တစ်ဆုပ်စာ ဒါဝိဒ်
မတွန့်နောက်ပြန် ဂေါလျတ် ရန်ကို
ဘာ့ကြောင့် ရင်ဆိုင်ရဲတာလဲ စိတ်မှာ သိချင်စမ်းတာပေါ့
ဂေါလျတ် ရိုငြား မျက်မှောက်ပြုတာက သူ့ရဲ့ ဘုရား
တောတွင်းတောင်ခွင် သိုးအုပ်နဲ့ ကျင်လည်စဉ်က
ဝက်ဝံ ခြင်္သေ့ သားရဲဘေးရန် အတန်တန်ကို
စွဲမြဲသဘောပေါက် ဘုရားလက် မဟာကြောင့်
သိုးစုကို သူကယ်တင် တောသားရဲကို အသေကောင် ဖြစ်စေခဲ့
အတိတ်မှာ သူကြုံဘူးလေတော့ ဂေါလျတ်ကို သူ မကြောက်ချေသပေါ့။
ဒါဝိဒ်ကို ချစ်တဲ့ ဘုရား ငါ့ကိုလဲ မခြား ချစ်လေတော့
နောက်ကြောင်းကို တကျော့ပြန် ကျေးဇူးတွေ ရေတွက် မှန်လေမှ
ထာဝရ အသက်တာ ကတိ မဟာ သာမက
ကွယ်ကာလမ်းပြ ချီးမြှောက်သွန်သင်၊ နှောင့်နှေးကြန့်ကြာ
ဘယ်ခါမရှိ ဘုရား ကတိကြောင့် ၊ ယုံကြည်ခြင်းစစ် ခွန်အားများ
တမဟုတ်ချင်း လွန်တိုးပွားလာလေရဲ့။

Samuel Soe Lwin (ကလေးမြို့၊ချင်းပြည်နယ်)

---

## သူရဲကောင်းဖေဖေ




မွေးကတည်းက ကျွန်တော့်ရဲ့ ဘဝ
ဖေဖေ့ မေတ္တာ အကြင်နာတွေဟာ နှိုင်းဆလို့မရ
ကျွဲပုခုံးနဲ့ ခြေဖဝါးအက်
နေပူမိုးရွာ မရှောင်နိုင်ပါ သားသမီးတွေ အတွက်
အိမ်ခေါင်မိုး ယို ၊ အိမ်ကြမ်းခင်း ပြို
ဓနိတဲလေးမှာ ဝင်ငွေ ပိုပို မစုဆောင်းနိုင်လဲ
ကျွေးမွေးပြုစု စောင့်ရှောက်ခဲ့တယ်။
လူ့ဘဝ တလျှောက် ကွေ့ကွေ့ကောက်ကောက်
ခြေမချော်ရအောင် ဖေဖေဟာလေ ၊ ချော့တစ်ခါ ခြောက်တလှည့်
သံမဏိစည်းကမ်းနဲ့ ကျမ်းဂန်သမ္မာတရားနဲ့
ခေါင်းမာတတ်တဲ့ ကျွန်တော့်လိုကောင်ကို လမ်းပြပေမဲ့
ခွေးမြီးကောက် ကျည်တောက်စွပ်နဲ့
တဇောက်ကန်းမိုက်တဲ့ ဒီကောင်ကတော့ မိုက်ရိုင်းနေခဲ့ ။
ချဉ်ပေါင် ဟင်းချို ၊ ငါးပိရည်ကျို
မီးဖိုချောင်မှာ ဆန်တွေ ဆီတွေ အပြည့် မဖြည့်နိုင်လဲ
ပြုံးပြုံးလေးနဲ့ ကျွေးမွေးခဲ့တယ် ။
နစ်ယောက် မရှိပါ၊ အစား မထိုးနိုင် ၊
ရှားမှ ရှားတဲ့ ဖေဖေဟာ မြင့်မိုရ်မတ္တိုင်။
ဘုရားမေတ္တာ နှိုင်းတုပမာ
ဘုရား ပေးထားတဲ့ ဖေဖေဟာ သူရဲကောင်းတွေပါ။

မင်းဧအောင်သက်လွင်

---

## သက်သေခံချက် (နော်လေးချော)



ဖခင်များ လမြတ်ထူးမှာ ကြုံတုံး အဖေ့ရဲ့ ယုံကြည်ခြင်းကို သက်သေခံပါရစေ။ ကျွန်မ အဖေက သိပ်ပြီး ယုံကြည်ခြင်း အားကြီးတယ်။ ဘယ်အရာမဆို ဘုရားကို အားကိုးတတ်တယ်။ တောမှာ နေတုံးက အိမ်မှာ ရေတွင်း တူးတယ်။ ထုံးစံ အတိုင်း တောက ရေတွင်း တူးတဲ့ အလုပ်သမားတွေကို ငှားရတာပေါ့။ တွင်း စတူးမဲ့နေ့ မနက်စောစောမှာ အလုပ်သမားတွေက တွင်းကောင်းကောင်း တူးနိုင်ဖို့ တွင်း တိမ်တိမ်မှာ ရေကောင်းရေသန့် ရဖို့၊ လုပ်ငန်းခွင် ထိခိုက်မှု ဘေးအန္တရာယ် မကျရောက်ဖို့ စတဲ့စတဲ့ ရည်ရွယ်ချက်တွေနဲ့ လုပ်ရိုးလုပ်စဉ် ထုံးတမ်းစဉ်လာ အတိုင်း သူတို့ ယုံကြည်ရာ၊ ကိုးကွယ်ရာတွေကို ကူညီ စောင့်ရှောက်ဖို့ ပူဇော်ပသကြပါတယ်။ ဒါကို အဖေက လုံးဝ သဘော မကျဘူး။ သဘောလဲ မတူဘူး။ "မင်းတို့ ဟာ မင်းတို့၊ ဘာဖြစ်ဖြစ်၊ ငါပိုင် တဲ့ မြေကွက်ထဲမှာ ငါ့ပိုက်ဆံနဲ့ ငါရေတွင်း တူးတာ ဖြစ်တဲ့ အတွက် မင်းတို့ လုပ်ချင်တာ လုပ်လို့ မရဘူး။ ငါကိုးကွယ်တဲ့ ဘုရားသခင် က ရေကောင်းကောင်း ပေးနိုင်တယ်။ မင်းတို့ ယူလာ တဲ့ အုန်းပွဲ၊ ငှက်ပျောပွဲတွေ ကိုပြန်ယူသွား၊ ဘာမှ မ ပူဇော်နဲ့"လို့ ပြောလိုက် တယ်။ အလုပ်သမားတွေကလဲ "ကိစ္စမရှိပါဘူး။ ဒါပေမဲ့ ရေတွင်း တူး နေတုံးမှာ တစ်ခုခု ချွတ်ချော် တိမ်းစောင်း မှားယွင်း ထိခိုက်

ဒဏ်ရာ ရခဲ့ရင် ကျွန်တော်တို့ နဲ့မဆိုင်ဘူး။ ဦးလေး သဘော အတိုင်း လုပ်ပေးတာ ဖြစ်တဲ့အတွက် ကျွန်တော်တို့ တာဝန် မယူနိုင်ဘူး" လို့ ပြန်ပြောပါတယ်။

အဖေက "စိတ်သာ ချပါ။ လုပ်ငန်းအောင်မြင်ရင် ငါ့ဘုရားက ငါ့ကို ကောင်းကြီးပေးတာ၊ မအောင်မြင်ခဲ့ရင် မင်းတို့ မပူဇော်လို့ မအောင်မြင်တာ မင်းတို့ တာဝန်လို့ ငါအပြစ်မတင်ပါဘူး" လို့ပြန်ပြောလိုက်ပါတယ်။ အစွဲအလန်းကြီးတဲ့ အလုပ်သမားတွေဟာ စိတ်တထင့်ထင့်နဲ့ ရေတွင်းကို စတူးကြပါတယ်။ အစဉ်အလာ အရ ရေတွင်း တူးတိုင်း ပူဇော်ပသ ခဲ့တာကြောင့် အခုလို မပူဇော်ဘဲ တူးရင် ပြဿနာ တစ်ခုခု တက်မှာ ကြောက်နေကြပါတယ်။ ဘုရားသခင်ရဲ့ ကျေးဇူးတော်ပါဘဲ။ ဘာအခက်အခဲမှ မရှိဘဲ သင့်တော် တဲ့ မြေအနက်မှာ သူများတွေထက် ကောင်းတဲ့ သန့်ရှင်းတဲ့ ရေကြောကို တူးဖော် ရခဲ့ပါတယ်။ ဒါဟာ ကျွန်မ မမေ့နိုင်တဲ့ ဖေဖေ့ရဲ့ ယုံကြည်ခြင်း များစွာ ထဲ က တစ်ခုပါဘဲ။ ။ **ဒေနော်လေးလျှာ** (အင်းစိန်)

---



## ouaoccu (မြတ်ဆုမွန်)

စင်ကာပူနိုင်ငံ အမျိုးသမီးနှင့် ကလေး စောင့်ရှောက်ရေး ဆေးရုံမှာ အလုပ်လုပ်စဉ်က တွေ့ခဲ့ရတဲ့ အတွေ့ အကြုံတစ်ချို့ကို သက်သေခံပါရစေ။ သားဦး သမီးဦး မွေးဖွားတဲ့ မိဘ အသစ်စက်စက်တွေရဲ့ သူတို့ သား သမီး တွေအပေါ် အစိုးရိမ် လွန်ကဲတဲ့ ဖြစ်ရပ်တွေကို နေ့စဉ်လိုလို တွေ့ခဲ့ရပါတယ်။ မွေးကင်းစ ကလေး ငယ်များကို ပြုစုရမဲ့ မိဘတွေ သိထားသင့်တဲ့ အချက် အလက်တွေကို သူတို့တွေ မေးမြန်းလာတဲ့အခါ မေးခွန်းတွေကို ကျွန်မ တတ်နိုင်သလောက် ရှင်းပြ ခဲ့ပြီးပါပြီ။ ကျွန်မ ရှင်းပြတဲ့ အချက်ဟာလဲ မိဘအသစ်တွေ၊ အတွေ့အကြုံရှိပြီးသား မိဘတွေ၊ သားဦးမွေးထားတဲ့ မိဘတွေ၊ သားသမီးပေါင်း မြောက်များစွာ မွေးဖွား ထားဖူးတဲ့ မိဘတိုင်းအတွက် လုံလောက် တဲ့ အဖြေဘဲ ဖြစ်ပါတယ်။ ကျွန်မရဲ့ အမေအကြောင်း နည်းနည်းသက်သေခံချင်ပါတယ်။ အမေ့ အကြောင်း မရေးခင်မှာ အမေနဲ့ မိတ်ဆက်ပေးချင်ပါတယ်။ အမေဟာ အသက် ၆၄နှစ် ရှိပြီဖြစ်တဲ့ အငြိမ်းစား သူနာပြုဆရာမကြီးတစ်ဦး ဖြစ်တဲ့အပြင် လက်ရှိလဲ အရွယ်ရောက်ပြီဖြစ်တဲ့ သာသမီး သုံးယောက်ကို ထိန်းသိမ်းစောင့်ရှောက်နေတဲ့ မိခင်ကြီး တစ်ဦးဖြစ်ပါတယ်။ အမေဟာ သူ့ခင်ပွန်းသည် (အဖေ) နဲ့ လက်ထပ်ခဲ့ပြီးတာ ၃၃ နှစ်ကျော်ခဲ့ပါပြီ။ အမေဟာ စကားအလွန်နည်းတဲ့သူဖြစ်ပါတယ်။ ( ကျွန်မ နဲ့ ဆန့်ကျင်ဘက်)

အမေဟာ အိမ်ထောင်မကျခင် သူနာပြု ဆရာမငယ် ဘဝကတည်းက တစ်ချိန်မှာ အိမ်ထောင်ကျလို့ သားသမီးတွေ မွေးဖွားလာခဲ့ရင် ဘယ်လို ကျွေးမွေးပြုစုရမယ် ဆိုတာ ကြိုတင်သိထားခဲ့ပါတယ်လို့ ကျွန်မကို ပြောပြပါတယ်။ ဒါလဲ ဖြစ်နိုင်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ သူနာပြုဆရာမတွေဟာ ကလေးငယ်တွေရဲ့ သဘော သဘာဝနဲ့ ဘဝကို ကျောင်းသင်ခန်းစာ အားဖြင့် လေ့လာ သင်ကြား တတ်မြောက် ထားလို့ပါဘဲ။ ဒါပေမဲ့ ကလေး တွေ တကယ် မွေးလာတဲ့အခါမှာတော့ ကလေးငယ်တစ်ဦးချင်းစီ ကောင်း ကောင်းမွန်မွန် ကြီးပြင်း လာဖို့ ကျောင်းမှာသင်ထားတဲ့ ပညာတွေ၊ လုပ်ငန်း ခွင်ထဲက အတွေ့အကြုံတွေနဲ့ မလုံလောက်ဘူးဆိုတာ သိနားလည်ခဲ့ပါတယ်။ မမြင်နိုင်တဲ့၊ မတွေးထားတဲ့၊ မထင်မှတ် ထားတဲ့ ပြဿနာ၊ အဖြစ်အပျက်၊ အခြေအနေတွေက ကလေးတွေ ကြီးထွားလာမဲ့ လမ်းကြောင်းပေါ်မှာ အချိန်မရွေး ဖြစ်ပေါ်လာခဲ့ပါတယ်။ အဲဒီအချိန်မှာ သူနားလည်လိုက်တာကတော့ ကလေးငယ်တွေ ကောင်းကောင်း မွန်မွန် မွေးဖွားကြီးပြင်း အသက်ရှင်နိုင်ဖို့ အတတ်နိုင်ဆုံးသူဟာ ဘုရားသခင် ကိုယ်တော်တိုင် ဖြစ်ပြီး၊ ကလေးသူငယ်များဟာလဲ ဘုရားသခင် ဆုချ သနား တော်မူတဲ့ လက်ဆောင်တွေ ဖြစ်တယ်ဆိုတာကိုပါဘဲ။ အဲဒီ နောက်မှာတော့ ဘုရားသခင်ရှေ့မှာ လက်နက် ချပြီး သူမွေးဖွားထားတဲ့ ကလေး တွေကို သူ့ရဲ့ ကိုယ်ပိုင် အသိပညာ၊ အတတ် ပညာ အားဖြင့် မထိန်းသိမ်း မကျွေးမွေး တော့ဘဲ (လျစ်လျူရှုခြင်း မဟုတ်ပါ) ဘုရားသခင် လက်တော် ထဲကိုသာ ကလေးငယ် တစ်ဦးချင်းစီရဲ့ အသက်တာကို ဆက်ကပ် အပ်နှံခဲ့ပါတယ်။

အမေဟာ အရာခပ်သိမ်းကို အုပ်စိုးချုပ်ကိုင်တော်မူသော ဘုရားသခင် လက်တော်ထဲကို အပ်နှံလိုက်တဲ့အတွက် ကောင်းသော ဆုံးဖြတ်ချက်နဲ့ ကိုးစား ယုံကြည်ခြင်းလို့ ကျွန်မ နားလည်သဘောပေါက်လိုက်ပါတယ်။ အမေ အဲဒီလို အပ်နှံ ထားတဲ့အတွက် ကျွန်မတို့ မောင်နှမ တစ်တွေဟာ ငယ်ငယ်ကတည်းက အသက် တာမှာ ဘာပြဿနာ၊ အခက်အခဲ ရောဂါ ဒုက္ခ ကြီးကြီးမားမား တစ်ခုမှ မတွေ့ကြုံ မခံစားရဘဲ လွတ်လပ်ပေါ့ပါးစွာ ဘေးကင်းလုံခြုံစွာ ရှင်သန်ကြီးပြင်းလာခဲ့ရပါတယ်။ ဘုရားသခင်ကို အားကိုးတတ်တဲ့ အမေကို ရရှိထားတဲ့အတွက် အတိုင်းမသိ ဝမ်း သာ ကျေနပ်မိပါတယ်။

နိဂုံးချုပ် အနေနဲ့ သက်သေခံချက်ရဲ့ အနှစ်သာရကို ရေးပြရရင်တော့ သင်ဟာ သူနာပြုဘဲဖြစ်ဖြစ်၊ အိမ်ရှင်မဘဲ ဖြစ်ဖြစ်၊ ဈေးသည်ဘဲဖြစ်ဖြစ်၊ ရုံးစာရေးဘဲ ဖြစ်ဖြစ် ဆရာဝန်ကြီးဘဲဖြစ်ဖြစ် သင်ရဲ့ သားသမီးဟာ ဘုရားသခင် ဖန်ဆင်းထားတယ် ဆိုတာကို နားလည်သဘောပေါက်ဖို့လိုပါတယ်။ ဘုရားသခင်သာလျှင် ကလေးသူငယ်တွေရဲ့ အသက်တာကို အစဉ်အတိုင်း ကြီးထွားစေနိုင်ပါတယ်။ ဘုရားသခင် ပေးထားတဲ့ ကလေးငယ်ဟာ ဘုရားသခင်ရဲ့ ဘုန်းတော် နာမတော် ကို ထင်ရှားစေမဲ့သူ ဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါတွေကို ကောင်းကောင်း နားလည် သဘောပေါက်ဖို့ လိုအပ်ပါတယ်။ ကလေးငယ်လေးတွေကို အမှန်တကယ် စောင့်ထိန်းတဲ့ ဖန်ဆင်းရှင်ကို ကလေးတွေသိဖို့ သင်နှင့် ကျွန်မတို့က ထိန်းကျောင်း ပဲ့ပြင် ပေးရပါလိမ့်မယ်။ ။

**မြတ်ဆုမွန်** (ယုဒသန်အသင်းတော်၊ စင်ကာပူ)

---

## သင်ရှာလျှင်တွေ့မည် Samuel Soe Lwin(ကလေးမြို့၊ချင်းပြည်နယ်)

နိဒါန်း။ လူသားတိုင်းကို အဖြူအမည်း မခွဲခြား၊ ဆယ့်နှစ်လ ရာသီ သင့်လျော် စွာသော ကောင်းကြီးမင်္ဂလာများဖြင့် အသက်ထင်ရှားရှိသည့် ဘုရား အား သိရှိလာစေဖို့ အလိုငှာ အမြဲမေတ္တာ ပြတော်မူသော ဘုရား သည် ဘုန်းကြီး မင်္ဂလာရှိပါစေသော်ဝ်။

လောကမှာ နေရာဒေသမရွေး လူမျိုးခလေ့တို့ မခြားနား အားလုံး ရဲ့ စိတ်မှာတော့ လောကမှာ တစ်ဆူသော ဘုရားဟူသည် ရှိပေလိမ့် မည် ဟူကား တွေးထား တေးထားကြပေ၏။ ဘာသာတရား၏ စကား ဖြင့်ဆိုရပါမူကား လူသည် – – –

၁) မွေးရာပါ နာမ်အသိစိတ်ဖြင့်လည်းကောင်း၊
၂) အကျိုးရှိလျှင် အကြောင်းရှိရမည် ဟုလည်းကောင်း၊
၃) မှန်သည် မှားသည် ခွဲခြားတတ်သော ဩတ္တပ္ပစိတ်ဖြင့်လည်းကောင်း၊
၄) ပြည့်စုံခြင်းဟူသည့် (ဘုရားအဖြစ်) တောင့်တမှုဖြင့်လည်းကောင်း၊
၅) စနစ်တကျ တည်ရှိနေမှုများအားဖြင့်လည်းကောင်း

စသည့် အချက်အလက်များအားဖြင့် ဘုရား ရှိကြောင်းကို လူတို့ သည် တွေးတောတတ်ကြ ငြားသော်လည်း လူအချို့သာလျှင် စိတ်နှလုံး အကြွင်းမဲ့ဖြင့် ဘုရားစစ် ဘုရားမှန်ကို ရှာဖွေ တွေ့ရှိကြရလေသည်။



ဘုရားကို လူတို့ ရှာဖွေ တတ်ကြ သည်ဟုဆိုရာတွင် ဘုရားရှင် သည် လူတစ်ချို့ ကို သာ အတွေ့ခံသည် ဟုမဆိုလိုပါ။ အကြောင်းမှာကား ဝန်လေး၍ ပင်ပန်းသော သူအပေါင်းတို့ ငါ့ထံသို့ လာကြလော့။ ငါသည် ချမ်းသာပေးမည်။ ငါ့ထံသို့ လာသော သူအားလည်း ငါသည် အလျှင်းမပယ်။ ဟု ခရစ်တော်ဘုရား မိန့်မြွက် ထားတော်မူလေသည် မဟုတ်ပါလား။ တဖန် ထာဝရ ဘုရားကို ကိုးကွယ်သောသူသည် သစ္စာဖြင့် လည်းကောင်း နံဝိညာဉ်ဖြင့် လည်းကောင်း ကိုးကွယ်ရမည်ဆိုသည့် စကားတော်ကိုလည်း အောက်မေ့ခြင်း အားဖြင့် လူအချို့တို့သာ ဘုရားရှင်၏ စိတ်တော်နှင့် တွေ့ကြရခြင်းပင်ဖြစ်၏။

***အယူလွဲကဘုရားနှင့်လွဲ***

မှားယွင်းသော၊ သို့တည်းမဟုတ် ချမှတ်ထားသော နည်းစံနစ်တစ်ခုမှ သွေဖယ်သော သူများတို့သည်ကား မိစ္ဆာဒိဋ္ဌိ ဟု ခေါ်ဆိုကြပေ၏။ လူတို့သည် အဘယ်သူမျှ ရိုးသားဖြောင့်မတ် နေစေကာမူ သူ၏ အတွေး အခေါ် အကြံအစည်တို့သည် လမ်းချော် မှားယွင်းနေပါက ထိုသူသည်ကား ဘုရားသခင်၏ စိတ်တော်နှင့် မတွေ့နိုင်ပါချေ။ ဥပမာ ပြရချေက မြန်မာ စကားပုံ တစ်ခုကို (တံလျှပ်ကို ရေထင် ရွှေသမင် အ လိုက်မှား) မီးမောင်းထိုးပြပါရစေ။ ရွှေသမင်အနေဖြင့်၊ ရေဆာငတ် လွန်းရလားဟု ကျွန်တော် တွေးမိဖူးပါရဲ့။ အဘယ်သို့ ဆိုစေကာမူ။ ရွှေသမင်သည် ရိုးသားစွာ။ ဩတ္တပ္ပစိတ် ကြည်လင်စွာဖြင့် ဖြစ်နေငြား သော်လည်း တံလျှပ်ကို ရေ ဟုထင် နေခြင်းကို ထောက်သော် ထိုရွှေ သမင် သည် ငမိုက်သားပင် ဖြစ်ရကာ အဆုံးတွင် သေပွဲကိုမြန်းရလေ၏။ ထို့ကြောင့်လည်း ရောမ ၁း၁၉–၂၀ တွင် အထက်ပါ နည်းလမ်း များအား

ဖြင့် သိလျှက်နှင့် တံလျှပ်ကို ရေထင် ငြားသော်လည်း လွတ် မြောက်ရာ လမ်း မရှိဟု ဆိုထားပေ၏။

အဘယ်ကြောင့်နည်း ဟူမူကား၊ သိအပ်သော ဘုရားသခင်၏ အကြောင်း အရာ တို့သည် သူတို့တွင် ထင်ရှားလျက်ရှိ၏။ ဘုရားသခင် သည် သူတို့အား ပြတော်မူပြီ။- အဘယ်သို့နည်း ဟူမူကား၊ ဖန်ဆင်း တော်မူသော အရာများကို ထောက်ရှု သဖြင့်၊ ထာဝရ တန်ခိုးတော်နှင့် ထာဝရ အဖြစ်တော် တည်းဟူသော မျက်မြင် မရ သော ဘုရားသခင်၏ အရာ တို့သည် ကမ္ဘာတည်သည် ကာလမှ စ၍ ထင်ရှားလျက် ရှိကြ၏။ ထိုကြောင့် သူတို့သည် ကိုယ်အပြစ်ကို မဖုံးနိုင်ရာ။

မိဘစကား နားဝင်ထားက မှားတယ်များ ကြားဖူးပါသလား။ ဟု ကျွန်ုပ်တို့ သိကြတယ်။ ဆိုကြတယ်။ သွန်သင်ကြလျှက်နှင့် ကျွန်ုပ်တို့ ကိုယ်တိုင်ကား အဘယ်ကြောင့် မကျင့်သုံးကြပါသလဲ။ တမန်တော် ၁၇း၂၈ တွင် **ငါတို့သည်ကား နွယ်တော်သားပင် ဘုရားမျိုးပေ ဖြစ်ကြလေ** ဟု တွေ့ရရုံသာမက မြန်မာစကားမှာ တွေ့ရငြားလည်း ဘုရား လမ်းကို မလိုက်။ အမှားလမ်းကို ကြိုက်နေသရွေ့ ဘုရား၏ စိတ်တော် နှင့်ကား တွေ့ရမည် မဟုတ်ပါလေ။

***အနေနီးလျှက်ဝေးသည့်အဖြစ်***

မသဲ ၂၁း၂၈း၃၂ တွင် သားနှစ်ဦးအနက် တစ်ဦးက ဟုတ်ကဲ့ ဟု ဆိုလျှက် လက်တွေ့ မလုပ်ဆောင်သလို အခြားသော သားမှာတော့ ငြင်းဆို စကား ဆိုမိပြီးမှ နောင်တ ရကာ ဖခင်စကားအား အကောင် အထည် ဖော်သည်ကို တွေ့ရပါတယ်။ ဒီနေရာမှာ နောင်တ နှင့်အတူ ဖခင်၏ စကားအား မြေဝယ်မကျ ဖော်ဆောင်သောသူသည် သားလိမ္မာဟု သတ်မှတ်ခံရပြီး ဖခင်၏ စိတ်တော်နှင့်လည်း တွေ့သောသူပင်ဖြစ်၏။ တစ်အိမ် တည်းနေ၊ တစ်ဝိုင်းတည်းစား၊ တစ်ရေတည်းသောက် အတူတူ နေထိုင် ငြားသော်လည်း ဒုတိယသားမူကား ဖခင်၏ စိတ်တော်နှင့် မတွေ့နိုင်ပါချေ။ နီးလျှက်နှင့်ဝေးသောသူပင် မဟုတ်ပါလား။

ယနေ့ လောကကို ဖန်ဆင်းတဲ့ ဘုရားသည် ဒိဗ္ဗသောတ။ ဒိဗ္ဗ စက္ခု အနာဂတံသ ဉာဏ်တော် တို့နှင့် ပြည့်စုံတော်မူပြီး ဧမာနွေလ ငါတို့နှင့် အတူရှိသောသူ ဟု ဆိုသော်ငြားလည်း ဘုရားလမ်းကို မလိုက် အမှား လမ်းကို ကြိုက်နေသူ ဒုတိယသားကဲ့သို့ အနေနီးလျှက် ဘုရားနှင့် ဝေးနေ ကြရပေမည်။ ရတောင့်ရခဲ လူဖြစ်ရတဲ့ အဖိုးအနဂ္ဃ ရတနာကို ကျွန်ုပ်တို့ကောင်းစွာ အသုံးချသင့်ပေ၏။ ငါတို့သည်ကား နွယ်တော်သား ပင် ဘုရားမျိုးပေ ဖြစ်ကြလေ ဟု ဆိုသော်ငြားလဲ ဘုရားစကား နားဝယ် မထား က အမှားနှံ့ နစ်သထက်နစ်ကာ လူဖြစ်ရ ရှုံးပေမည်ကား မည်သူ ၏ အပြစ် ကြောင့်မှမဟုတ် မိမိ၏ အပြစ်ကြောင့်သာလျှင် ဖြစ်ပါ၏ ဟု ကြိုတင် တွေးတောသင့်ပေ၏။ ရောမ ၁း၁၉-၂၀ မှာ ရှင်ပေါလု ပြော သကဲ့သို့ ကျွန်ုပ်တို့မှာ ဆင်ခြေ ဆင်လက်များလည်း ပေးနိုင်မည် မဟုတ် ပါလေ။

***ငါအစွဲနှင့်နောင်တငမွဲ***

ပျက်အစဉ် ပြင်ခန ဟူသော စကားသည် တိမ်မယောင်နှင့် နက် အတ္တ မာန အစွဲကြီးသူတို့အတွက် လွယ်မယောင်နှင့် ခက်လှပေ၏။ မသဲ ၁၉း၂၄ နှင့် မာကု၁၀း၂၅ တွင် မိမိကိုယ်ကို အခြောက်တိုက် ဘဝင် မြင့် နေသူအား ခရစ်တော်က ကုလားအုပ်သည် အပ်နဖါး ပေါက်အတွင်းသို့ ဝင်ရန် လွယ်ကူသော်လည်း ထိုလူမျိုးသည်ကား ဘုရား သခင်၏ နိုင်ငံတော်ကို ဝင်ရန် ခက်ခဲလှ၏ ဟု မိန့်တော်မူ၏။ အကြောင်း အရင်းမှာ ထိုသူ၏ အစွဲအလမ်းနှင့် ပိုင်ဆိုင်မှုအရာများက သူနှင့် ဘုရားရှင် အကြား ဗာလင် တံတိုင်း၊ ဂရိတ်ဝေါတံတိုင်း တို့ထက် ပင် ခိုင်ခံ့ စည်းခြားစေလေသောကြောင့် ပင်ဖြစ်လေ၏။ ပျက်အစဉ် ပြင်ခန ဆိုသော စကားတွင် နောင်တ ဆိုသော အရာကား မရှိမဖြစ် လို အပ်လှပေ၏။ ထိုမှတဆင့်လွန်သောအခါမှသာ အကောင်း ဆိုသော ပြည့်စုံခြင်းကို ရောက်ရှိပေတော့မည် မဟုတ်ပါလား။ ယနေ့ လူသားတိုင်း တို့သည်ကား ဘုရားသခင်ကိုဖြင့် ရှာကြံကြပါ၏။ သို့သော် ကိုယ့်နည်း ကိုယ့်ဟန် ဖြင့်သာ ရှာကြံနေကြသူများသောကြောင့် အချို့သာလျှင် ဘုရား စစ် ဘုရားမှန်အား ဖူးတွေ့ခွင့်ရကြလေ၏။ အယူသည်းကာ မည်သို့ပင် ကောင်း ရာကို ပြုစေတော့ နောင်တ ဆိုသော လေ့ကားကို ခါးကော့ ရင်မော့ ကာ မျက်ကွယ်ပြုနေလျှင် ပျက်အစဉ် သေလျှင် ငရဲ ဟူသော စကားပုံ တစ်ခုကို စာရေးသူ ထပ်ရေးပြပါရစေတော့။

အကြောင်းမူကား ခရစ်တော်က ငါသည် နောင်တရသော သူတို့ အတွက်သာလာ၏။ ကျန်းမာသော သူသည် ဆေးသမားကို အလို မရှိ။ နာသော သူတို့သာ သမားတော်ကို အလိုရှိကြ၏ဟု ဆိုထား တော်မူ၏။ ယနေ့ မိမိကိုယ်ကို မိမိ ကျန်းမာရေးနှင့် ပြည့်စုံ သူဟု ထင်နေသော သူ အတွက် ကား ခရစ်တော်ဘုရားသည် သမား တော် မဟုတ်ပါလေ။ သို့သော် လူမှန် လျှင် အပြစ်နှင့်မကင်း ဆိုသော စကားကို စာတွေ့သာမက လက်တွေ့ သိမှတ်ကာ မိမိသည် အနိစ္စ သက်သက် ငါသည် ဘာမှမဟုတ်၊ ဘုရား မဖက်က လူဖြစ်ကျိုး ဆုံးရှုံး ရမည်ဟု ယုံကြည်သော သူတို့ အတွက်ကား ခရစ်တော်သည် သမားတော် ဖြစ်လေ၏။ အကြောင်းမှာ တရားကို ဖက်သော သူအတွက် အမျက် ပြေရာ ငြိမ်းရာဖြစ်ကာ ဘုရားကို ဖက်သောသူတို့ အတွက်ကား ဘေး ဘယာ ကင်းကာ အသက်ရှည်ရာ ရှည်ကြောင်းပင် ဖြစ်လေ ၏။

***နိဂုံး***

ခရစ်တော်၏ နာမမှတပါး ကောင်းကင်အောက်မြေကြီးပေါ်တွင် ကယ်တင်နိုင်သော နာမ မရှိဟု တမန်တော် ၄း၁၂ တွင် ဆိုထားလေ၏။ ထိုမျှမက ရှင်ယောဟန် ၁၄း၆တွင် ခရစ်တော် ဘုရားသခင်က ငါသည် လမ်းခရီးဖြစ်၏ သမ္မာတရားလည်းဖြစ်၏ အသက်လည်းဖြစ်၏ ငါ့ကို အမှီ မပြုလျှင် (မိမိကိုယ်ကို အားကိုး၊ ကြွားဝါ)လျှင် အဘယ်သူမျှ ခမည်း တော် ထံသို့ မရောက်ရဟု မိန့်ဆိုတော်မူခဲ့လေပြီတကား။ ယနေ့ လောက ၏ခရီးသွား ဓမ္မမိတ်ဆွေ အပေါင်းအား စာရေးသူ သတိပေး နှိုးဆော်ပါရ စေ။ အရွယ်သုံးပါးတွင် ရောက်သည့် လက်ရှိအချိန်တွင် ဘုရားကို ရှာကြံကြ ပါ။ သေခြင်းဟူသည် နေ့ညမခြား ဖြစ်ကြုံတွေ့ရှိ နိုင်သည်မို့ နေ့ည ရွှေ့ခိုင်း သည့် အတွေးအခေါ် အလွဲတွေကို လျစ်လျူရှု လိုက်ပါ။ နောက်ပြီး ဘုရား နည်းဖြင့်သာ ဘုရားကို ရှာကာ မာန်မာနကို ပယ်ပြီး "တရားရှာ ကိုယ်မှာ တွေ့" ဆိုသည့်အတိုင်း မိမိဘဝအမှန်ကို မိမိကြည့်မြင်တတ်ပြီး သကာလ။ ပျက်အစဉ် ပြင်ခနကို လက်တွေ့ ကျင့်သုံးပြီး ထာဝရ ကယ်တင်ရှင် ဘုရား ၏ ထာဝရ အသက်ကို အရ ယူနိုင်ပါစေဟု ဆန္ဒပြုလျှက် - -။

နာမတော်မြတ်ဖြင့် - **Samuel Soe Lwin** (ကလေးမြို့၊ချင်းပြည်နယ်)

---

## ဘုရားသခင်သည်မည်ကဲ့သို့သောသူဖြစ်ပါသနည်း(ခန်း၁ရှူး)

**ချစ်မိတ်ဆွေ**



ဤသင်ခန်းစာသည် ဘုရားသခင် ၏ အကြောင်းအရာများ ဖြစ် သည်။ ကျွန်ုပ် တို့ အားလုံး ဘုရားသခင်ကို သိရန် လိုအပ် သည်။ သူ့ကို လိုအပ် သောကြောင့်ဖြစ်သည်။ ဤ လောက ၌ အရေးအကြီးဆုံးသော အကြောင်း အရာသည် ဘုရားသခင်ကို သိရှိရန် ဖြစ်သည်။ သခင်ယေရှုက "ထာဝရ အသက် ဟူမူကား၊ မှန်သောဘုရားသခင် တဆူတည်းဖြစ်တော် မူသော ကိုယ်တော် ကိုင်၄း၊ စေလွှတ်တော်မူသော ယေရှုခရစ်ကိုင်၄း၊ သိကျွမ်းခြင်း တည်း။" ဟုဆိုသည်။(ယော၊၁၇း၃)

ဘုရားသခင်သည် မည်ကဲ့သို့သောသူ ဖြစ်သနည်း။ ဘုရား သခင်သည် အလွန် ကြီးမြတ်ပြီး၊ အလွန်အံ့ဘွယ်ကောင်းသောကြောင့် သူ၏ အကြောင်း အရာ အားလုံးကိုသိရန် ကျွန်ုပ်တို့၌ ဘယ်သော အခါမျှ သိရန်မဖြစ်နိုင်ပါ။ သို့သော် ဘုရားက ကျမ်းစာ၌သူ၏ အကြောင်း အရာ များကို ကျွန်ုပ်တို့အား ပြောထား ပါသည်။ ကျမ်းစာမှ ဘုရားသခင် တစ်ဆူ တည်းရှိကြောင်း လေ့လာ ခဲ့ရသည်။ သို့သော် ပုဂ္ဂိုလ်သုံးပါး အဖြစ် တည်ရှိပါသည်။ ခမည်းတော်၊ သားတော်နှင့် သန့်ရှင်းသော ဝိညာဉ် တော်တို့ဖြစ်ကြသည်။ ခမည်း တော် သည် ဘုရားသခင် ဖြစ်တော် မူသည်။ သားတော်သည် ဘုရားသခင် ဖြစ် တော်မူသည်။ သန့်ရှင်းသော ဝိညာဉ် တော်သည် ဘုရားသခင် ဖြစ်တော် မူသည်။ ခမည်းတော် ဘုရားသခင်သည် ကောင်းကင်ဘုံ၌ ရှိတော်မူသည်။ သားတော် ဘုရားသည် သခင်ယေရှု ခရစ်တော်ဖြစ်တော်မူပြီး၊ ကျွန်ုပ်တို့၏ ကယ်တင်ရှင် အဖြစ် ဤလောကသို့ ကြွဆင်းလာခဲ့၏။ သန့်ရှင်းသော ဝိညာဉ်တော် ဘုရားသည် သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် ယုံကြည် လက်ခံ သူတိုင်း၏ စိတ်နှလုံး တွင် ကိန်းဝပ် တော်မူသည်။

ကျမ်းစာတွင် ကျွန်ုပ်တို့အား ဘုရားသခင်နှင့် ဆိုင်သော အမှန်တရားများ ဖြစ်သည့် အခြားသော အကြောင်းအရာ များစွာ တို့ကို ပြောဆို ထားပါသည်။ ဤသင်ခန်းစာ၌ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အကြောင်း အရာ ဆယ်ခု ကိုသာ စဉ်းစားကြမည်။ ဘုရားသခင်သည် ဖန်ဆင်း ရှင် ဖြစ်သည်။ ကမ္ဘာ၊ နေ၊ လနှင့် ကြယ်များ မည်ကဲ့သို့ တည်ရှိ လာသည်ကို သင်သည် သိပါသလား။ ထိုအရာ များကို မည်သူ ဖန်ဆင်း ပါသနည်း။ ဤစကြဝဠာသည် အလိုအလျောက် မဖြစ်ပေါ် လာပါ။ ဘုရားသခင် ဖန်ဆင်းတော်မူ၏။ ကျမ်းစာ၌ အဦးဆုံးသော ကျမ်းပိုဒ်က

“အစ အဦး၌ ဘုရားသခင်သည် ကောင်းကင်နှင့် မြေကြီးကို ဖန်ဆင်းတော်မူ ၏”ဟုဆိုသည်။(က၊၁း၁)

ဘုရားသခင် ရှိကြောင်းကို ကျွန်ုပ်တို့သိသည်။ သူဖန်ဆင်း ထားသော အရာများကို ကျွန်ုပ်တို့ မြင်ရသောကြောင့် ဖြစ်သည်။သူ ဖန်ဆင်းထား သော လှပသော အရာများကို ကျွန်ုပ်တို့ မြင်ရသည်။ ကျမ်းစာက “မိုဃ်း ကောင်းကင် သည် ဘုရားသခင်၏ ဘုန်းသရေတော်ကို ကြားပြော၍၊ မိုဃ်း မျက်နှာ ကျက်သည် လက်တော်နှင့် လုပ်သောအရာများကို ပြသ၏။”ဟု ဆိုသည်။ (ဆာ၊၁၉း၁) ဘုရားသခင်သည် ကျွန်ုပ်တို့ကိုလည်း ဖန်ဆင်းတော်မူ၏။ ဘုရား သခင် သည် ကျွန်ုပ်တို့ကို မိမိပုံသဏ္ဍာန်နှင့်အညီ ဖန်ဆင်းခဲ့သောကြောင့် ကျွန်ုပ် တို့သည် အထူးသတ္တဝါများ ဖြစ်ကြသည်။ ကျမ်းစာက “ထိုသို့ ဘုရား သခင်သည် မိမိပုံသဏ္ဍာန်နှင့်အညီ လူကို ဖန်ဆင်းတော်မူ၏”ဟု ဆိုသည်။ (က၊၁း၂၇)

ဘုရားသခင်ဖန်ဆင်းခဲ့သော အကြီးမြတ်ဆုံးနှင့် အံ့ဘွယ် ကောင်းသော အရာများထဲတွင် ဘုရားသခင်သည် မည်သည့်အရာကို အချစ်ဆုံးဖြစ်မည်နည်း။ သင်သိပါသလား။ ဘုရားသခင်သည် လူကိုချစ်တော်မူသည်။ သူသည် ကြီးမြတ်၍ ကျွန်ုပ်တို့ အယောက်တိုင်းကို သိတော်မူ၏။ သူသည် သင့်ကို သိပြီး ချစ်တော်မူသည်။ သင်သည်သူ့အဘို့ ဤကမ္ဘာ လောက တစ်ခုလုံးထက် သာ၍ အဖိုးထိုက်တန်တော်မူ၏။ ဘုရားသခင်သည် ထာဝရ ဖြစ်တော် မူသည်။ အဓိပ္ပါယ်မှာ ဘုရားသခင် သည် အစဉ်အမြဲ တည်ရှိတော်မူသည်။ ဘုရားသခင်သည် အစ မရှိပေ။ အဆုံး လည်းရှိလိမ့်မည် မဟုတ်ပါ။ ဤစကြာဝဠာရှိ အရာခပ်သိမ်း တို့သည် အစ ရှိတော်မူပြီး၊ ဘုရားသခင်၌ မတည်ရှိခဲ့သော အချိန် လုံး၀ မရှိခဲ့ပါ။ ကျမ်းစာက “…မြေကြီးနှင့် လောက ဓါတ်ကို ဖန်ဆင်းတော် မမူမှီ၊ ကိုယ်တော်သည် ရေးကမ္ဘာ အဆက်ဆက်မှ စ၍၊ နောက်ကမ္ဘာ အဆက်ဆက် တိုင်အောင် ဘုရားသခင် ဖြစ်တော်မူ၏”ဟုဆိုသည်။(ဆာ၊၉၀း၂)

ဘုရားသခင်သည် နေရာတိုင်းတွင် ရှိတော်မူသည်။ ဘုရားသခင်သည် သူ၏ စကြာဝဠာထဲတွင် မည်သည့်နေရာ၌မဆို ရှိနေနိုင်သည်။ ဘုရားသခင်သည် အလွန်ကြီးမြတ်တော်မူသည်။ ကျမ်းစာက “ငါသည် ကောင်းကင် မြေကြီးကို နှံ့ပြားသည် မဟုတ်လော ဟုထာဝရဘုရား မေး တော်မူ၏” ဟုဆိုသည်။ (ယေ၊၂၃း၂၄) ကျွန်ုပ်သည် ဘယ်နေရာ၌ ရှိရှိ(သို့) ဘယ်နေရာသို့ သွားသွား အကြောင်း မဟုတ်ပါ။ ဘုရားသခင်သည် ထိုနေရာ၌ ရှိတော်မူသည်။ သင်သည် မေးကောင်း မေးနိုင်ပါသည်။ “ဘုရားသခင်သည် နေရာတိုင်း၌ ရှိခဲ့ သော် အဘယ်ကြောင့် သူ့ကို မမြင်နိုင်ပါသနည်း။”

ဘုရားသခင်ကို မမြင်နိုင်ရခြင်းအကြောင်းမှာ ဘုရားသခင်သည် နံ့ဝိညာဉ် ဖြစ်တော်မူ၏။ ဝိညာဉ်ကို ကျွန်ုပ်တို့ မမြင်နိုင်ပါ။ သင်၌ ကျွန်ုပ် မြင်နိုင်သော ကိုယ်ခန္ဓာ ရှိပါသည်။ သို့သော် သင်၌ ကျွန်ုပ် မမြင်နိုင်သော ဝိညာဉ် လည်းရှိပါသည်။ သင်၏ ကိုယ်ခန္ဓာကို ကျွန်ုပ် မြင်နိုင်သော်လည်း သင်၏ ဝိညာဉ်ကို အဘယ်သူမျှ မမြင်နိုင်ပါ။ ဘုရားသခင်သည် လုံးလုံး ပကတိ “နံ့ဝိညာဉ်” ဖြစ်တော်မူသည်။ သူ၌ ခန္ဓာကိုယ် မရှိပါ။ ထို့ကြောင့် သူ့ကို ကျွန်ုပ်တို့ မမြင်နိုင်ပါ။ သို့သော် သူသည် ကျွန်ုပ်တို့ကို မြင်တော် မူ၏။ ကျွန်ုပ်တို့ကို ကြားတော်မူ၏။ ကျွန်ုပ်တို့ကို ချစ်တော်မူ၏။ အ ကြောင်း မှာ ဘုရားသခင်သည် ဘုရား ဖြစ်တော် မူပြီး နံ့ဝိညာဉ်လည်း ဖြစ်တော်မူသည်။ အချိန်တိုင်း နေရာတိုင်း၌ သူရှိနေနိုင်သည်။ ကျွန်ုပ်တို့ ရှိသော နေရာတိုင်း၌ သူသည် ကျွန်ုပ်တို့နှင့်အတူ အစဉ် ရှိနေတော်မူ သည်။

ဘုရားသခင်သည် အနန္တတန်ခိုးရှင် ဖြစ်သည်။ အဓိပ္ပါယ်မှာ ဘုရား သခင် သည် အရာခပ်သိမ်းကို တတ်နိုင်တော်မူသည်။ သူ၏ တန်ခိုးသည် အကန့် အသတ် မရှိပါ။ သူသည် “အနန္တတန်ခိုးနှင့် ပြည့်စုံတော်မူသော ဘုရားသခင်” ဖြစ်သည်။ သူသည် ကောင်းကင်ဘုံ၌၎င်း၊ မြေကြီးပေါ်၌၎င်း တန်ခိုး ရှိသမျှ အားလုံးကို ပိုင်တော်မူသည်။ ဤကမ္ဘာပေါ်ရှိ တန်ခိုး အကြီး ဆုံးသော လူများပင်လျှင် ဘုရားသခင်နှင့် နှိုင်းယှဉ်ပါက ဘာမျှ မဟုတ်ပါ။ ကျမ်းစာက “မြေကြီးသား အပေါင်း တို့သည် ရှေ့တော်၌ အဘယ်မျှ မဟုတ် သကဲ့သို့ ဖြစ်ကြ၏။ ကောင်းကင် ဗိုလ်ခြေတို့၌၎င်း၊ မြေကြီးသားတို့၌၎င်း အလိုတော် ရှိသည့်အတိုင်း စီရင်ပြုပြင်တော်မူ၏။ လက်တော်ကို အဘယ်သူမျှ မဆီးတားနိုင်။ အဘယ်သို့ ပြုသနည်းဟု ကိုယ်တော်ကို ဆိုနိုင်သောသူ မရှိ။”ဟု ဆို၏။ (ဒံ၊၄း၃၅)

ဘုရားသခင်သည် ဉာဏ်ပညာအလုံးစုံ ဖြစ်တော်မူသည်။ အဓိပ္ပါယ် မှာ ဘုရားသခင်သည် အရာခပ်သိမ်းကို သိတော်မူသည်။ သူသည် ဖြစ်ပျက်ခဲ့ ပြီးသော အရာတိုင်းကို သိတော်မူပြီး ဖြစ်ပျက်လာမည့် အရာ အားလုံးကိုလည်း သိတော်မူသည်။ ဘုရားသခင်သည် ကောင်းကင်၌ ရှိသောကြယ်များ၏ အရေ အတွက် ကို သိတော်မူပြီး၊ ၄င်းတို့ကို နာမည်နှင့် ခေါ်တော်မူသည်။ သူသည် သင်၏ ဦးခေါင်း၌ရှိသော ဆံပင် အရေ အတွက်ကိုလည်း သိတော်မူသည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏ ပြောဆိုခြင်း၊ ပြုမူခြင်း အရာ အားလုံး ကို သိတော်မူသည်။ ကျွန်ုပ်တို့ စဉ်းစားသော အရာများကိုလည်း သိတော်မူသည်။ လျှို့ဝှက်မှု အားလုံးကို သိတော်မူသည်။ ကျွန်ုပ်တို့ကို အချိန်တိုင်း မြင်တော်မူသည်။ ကျမ်းစာက “…ငါ့ကို မြင်တော်မူသောသူ (ထာဝရ ဘုရား)…”ဟု ဆိုသည်။(က၊၁၆း၁၃)

ဘုရားသခင်သည် သန့်ရှင်းတော်မူသည်။ အဓိပ္ပါယ်မှာ ဘုရားသခင် ၌ အပြစ် တစုံတခုမျှ မရှိပါ။ ဘုရားသခင်သည် အလင်းနှင့် ဘုန်းတော်အလုံးစုံ ဖြစ်တော်မူသည်။ ဘုရားသခင်သည် သန့်ရှင်းတော်မူသောကြောင့် သူသည် အပြစ်ကိုမုန်းပြီး ဖြောင့်မတ်ခြင်းကို နှစ်သက်တော်မူသည်။ ကျမ်းစာ၌ မှောင်မိုက် သည် အပြစ်ကို ဆိုလိုပါသည်။ ဘုရားသခင်က ကျမ်းစာ၌ “…ဘုရားသခင်သည် အလင်း ဖြစ်တော်မူ၏။ ဘုရားသခင်၌ မှောင်မိုက် အလျှင်းမရှိ”ဟု ဆိုသည်။ (၁ယော၊၁း၅)

ဘုရားသခင်သည် တချိန်က ပရောဖက် ဟေရှာယကို ရူပါရုံဖြင့် စကား ပြောခဲ့ပါသည်။ ရူပါရုံသည် အိမ်မက်ကဲ့သို့ ဖြစ်သည်။ ရူပါရုံထဲ၌ ဟေရှာယ သည် ဘုရားသခင်နှင့် သူ၏ပလ္လင်ကို မြင်ခဲ့ပါ၏။ ဘုရားသခင်၏ ပလ္လင် ပတ်လည်၌ ကောင်းကင်တမန်များသည် ဘုရားသခင်ကို ချီးမွမ်း သီဆိုလျက် ရှိနေကြ၏။ သူတို့က“သူတို့ကလည်း၊ ကောင်းကင်ဗိုလ်ခြေ အရှင် ထာဝရဘုရားသည် သန့်ရှင်းတော်မူ၏။ သန့်ရှင်းတော်မူ၏။ သန့်ရှင်း တော်မူ၏။ မြေကြီးလုံးသည် ဘုန်းတော်နှင့် ပြည့်လေ၏ဟု တစ်ပါးကို တစ်ပါး ကြွေးကြော်၍ မြွက်ဆိုကြ၏” ဟုဆိုသည်။(ဟေရှာ၊၆း၃)

ဟေရှာယသည် ရူပါရုံကို မြင်ရစဉ် သူသည် အလွန်ကြောက်လန့်ခဲ့ပါ၏။ ရူပါရုံ၌ ဖေါ်ပြသည်မှာ ဘုရားသခင်သည် သန့်ရှင်းတော်မူပြီး၊ သူသည် အပြစ်နှင့် ပြည့်နေကြောင်းကို သူသိခဲ့ရ၏။ သူသည် မြေသို့ မျက်နှာကိုအပ်၍ ပျပ်ဝပ်လျက် ငိုကြွေးခဲ့သည်မှာ “ငါကလည်း၊ ငါ၌ အမင်္ဂလာ ရှိ၏။ ငါ အကျိုးနည်းရှိပြီ။ အကြောင်းမူကား၊ ငါသည် ညစ်ညူးသော နှုတ်ခမ်းရှိလျက်၊ ညစ်ညူးသောနှုတ်ခမ်းရှိသော လူမျိုးတွင် နေလျက်နှင့်၊ ကောင်းကင်ဗိုလ်ခြေ အရှင်ထာဝရဘုရား တည်းဟူသော ရှင်ဘုရင်ကို၊ ကိုယ်မျက်စိနှင့် မြင်လေပြီတကား” ဟုဆို၏။ (ဟေရှာ၊၆း၅)

ကျွန်ုပ်တို့သည် အပြစ်နှင့် ပြည့်ကြပါသည်။ သို့သော်လည်း ဘုရားသခင် က သူ့ထံသို့ လာရန် အလိုရှိပါသည်။ သူသည် လာရန်လမ်းကို ပြုလုပ်ပေးခဲ့ခြင်းကြောင့် ကျွန်ုပ်တို့သူ၏ရှေ့တော်မှောက်သို့ လာနိုင်ပေသည်။ သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် လက်ခံခဲ့ခြင်းကြောင့် ဘုရားသခင်သည် ကျွန်ုပ်တို့ကို “ခရစ်တော်၌” မြင်တော်မူသည်။ ဘုရား



သခင်က ပြောသည်မှာ ကျွန်ုပ် တို့သည် သူ၏အမြင်၌ သန့်ရှင်းခြင်းနှင့် စင်ကြယ်ခြင်း ရှိကြပါသည်။ ကျွန်ုပ်တို့သည် “ခရစ်တော်ထဲ၌” ရှိသော ကြောင့်ဖြစ်သည်။ ဘုရားသခင်သည် ဖြောင့်မတ်တော်မူသည်။ အဓိပ္ပါယ်မှာ ဘုရား သခင် သည် မှန်သောအရာကိုသာ ပြုတော်မူသည်။ သူသည် ဖြောင့်မတ်ခြင်းနှင့် သန့်ရှင်းခြင်း ဖြစ်သောကြောင့် ဘုရားသခင်သည် အပြစ်ကို ဒဏ်ပေးရ ပေမည်။ သူသည်ကျွန်ုပ်တို့၏ အပြစ်များကို လျစ်လျူရှုခြင်းနှင့် မသိလေ ဟန်ဆောင် ပြုခြင်းကို ပြုလုပ်၍ မရနိုင်ပါ။

ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဒုစရိုက်အပြစ်များမှ နောက် လှည့်ပြီး ခရစ်တော်ကို ကယ်တင်ရှင်အဖြစ် လက်ခံလျှင် ကျွန်ုပ်တို့၏ အပြစ် ဒုစရိုက်များ ကို ခွင့်လွှတ်ရန် ဘုရားသခင်သည် သစ္စာနှင့်၎င်း၊ ဖြောင့်မတ် ခြင်းနှင့်၎င်း ပြည့်စုံ တော်မူသည်။ ဤကား အမှန်ပင်ဖြစ်တော်မူသည်။ သခင်ယေရှုသည် ကျွန်ုပ်တို့ အပြစ်များအတွက် လက်ဝါးကပ်တိုင်အပေါ် အသေခံ ခဲ့ခြင်းကြောင့်ဖြစ်သည်။ ကျမ်းစာက “…ထိုသခင်၏ နာမတော် အားဖြင့် အပြစ်များ နှင့် ကင်းလွတ်သောကြောင့်..”ဟုဆိုသည်။ (၁ယော၊၂း၁၂)

ဘုရားသခင်သည် ချစ်ခြင်းမေတ္တာ ဖြစ်တော်မူသည်။ အဓိပ္ပါယ်မှာ ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်တော်မူပြီး ကျွန်ုပ်တို့အတွက် အကောင်းဆုံးကိုသာလျှင် ပေးရန် အလိုရှိသည်။ ဘုရားသခင်သည် သူ၏ ကြီးမားသော မေတ္တာကို ကျွန်ုပ်တို့အပြစ် အတွက် လက်ဝါးကပ်တိုင်ပေါ် အသေခံရန် သူ၏ သားတော် သခင်ယေရှုကို စေလွှတ်ခဲ့ခြင်းဖြင့် ဖေါ်ပြခဲ့သည်။ ကျမ်းစာက “ငါတို့သည် အပြစ်ရှိစဉ်ပင် ခရစ်တော်သည် ငါတို့ အတွက်ကြောင့် အသေခံ တော်မူသည် ဖြစ်၍၊ ဘုရားသခင်သည် ငါတို့ကို

အဘယ်မျှလောက် ချစ်တော် မူသည်ကို ငါတို့အား ထင်ရှားစွာ ပြ တော်မူ၏” ဟုဆိုသည်။ (ရော၊၅း၈) ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ် အားကြီးသောကြောင့် ကျွန်ုပ်တို့ သည် သူကိုချစ်ရန်နှင့် ယုံကြည်ကိုးစားရန် သူသည် အလို ရှိတော်မူသည်။ လူတွေက တခါတရံ ပြောကြသည်မှာ “ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်လျှင် သူက ဘာကြောင့် ကျွန်ုပ်တို့၌ ဖျားနာခြင်းကို အခွင့်ပေးပါသနည်း။ ဘာကြောင့် ကျွန်ုပ်၌ အခက်အခဲ ရောက်လာရန် အခွင့်ပေးရပါသနည်း။”

ကျွန်ုပ်တို့၌ ဘာကြောင့် ဤအဖြစ်အပျက်များ ဖြစ်လာရသည်ကို မသိကြ ရသည့်တိုင် ဘုရားသခင်က ကျွန်ုပ်တို့သူ့ကို အားကိုးရန် အလိုရှိပါသည်။ ကျွန်ုပ်တို့၌ ဖျားနာခြင်းနှင့် ပြဿနာများ ဝင်ရောက်လာသည့် အချိန် ၌ပင် ဘုရားသခင်သည် ကျွန်ုပ်တို့ကို ချစ်ကြောင်းကို ကျွန်ုပ်တို့ ယုံကြည် ရမည်။ သူသည် ကျွန်ုပ်တို့အတွက် အကောင်းဆုံးကို ပြုလုပ်ပေးနေပါသည်။ ဘုရားသခင်သည် သစ္စာနှင့်ပြည့်စုံတော်မူသည်။ အစိပ္ပါယ်မှာ ဘုရား သခင်သည် သူ၏ စကားအတိုင်း သူစောင့်ထိန်းတော်မူသည်။ သူသည် ပြောသည့်အတိုင်း အမြဲပြုတော်မူသောကြောင့် သူသည် ပြုလုပ်ပေးလိမ့်မည်။

သင်သည် ကတိများကို ပြုဘူးပါသလား။ သင်သည် ကတိပြုသည့် အတိုင်း စောင့်ထိန်းပါသလား။ ကျွန်ုပ်သည် ကတိကို အမြဲ မစောင့်ထိန်း နိုင်သောကြောင့် ကတိပေး ပြောဆိုခြင်းကို အလွန်ကြောက်ကြပါသည်။ တခါတရံ ကျွန်ုပ်တို့သည် မေ့တတ်ကြပါသည်။ တခါတရံ မစောင့် ထိန်းနိုင်သော ကတိများကို ကျွန်ုပ်တို့ ပေးတတ်ကြပါသည်။ သို့သော် ဘုရား သခင်သည် ဘယ်သောအခါမျှ မမေ့ပါ။ ဘုရားသခင်သည် သူ၏ ကတိများကို အစဉ်အမြဲ စောင့်ထိန်းတော်မူသည်။ ကျမ်းစာက “မြော်လင့်ခြင်းအကြောင်းကို ဝန်ခံ၍ မတိမ်းယိမ်း မရွေ့လျော့ဘဲ တည်ကြည်ကြကုန်အံ့။ အကြောင်းမူကား၊ ကတိ ထားတော်မူသောသူသည် သစ္စာနှင့် ပြည့်စုံတော်မူ၏” ဟုဆိုသည်။ (ဟေဗြဲ၊၁၀း၂၃)

ဘုရားသခင်သည် ပြောင်းလဲခြင်း မရှိပါ။ အစိပ္ပါယ်မှာ ဘုရားသခင်သည် အစဉ်အမြဲ တည်တော်မူပြီး၊ သူ၏ သန့်ရှင်းခြင်း သဘောသဘာဝ နှင့် ဂုဏ်အင်္ဂါလက္ခဏာများသည် မပြောင်းမလဲ၊ အစဉ်အမြဲ တည်တော်မူ သည်။ ဘုရားသခင်သည် ထာဝစဉ် သန့်ရှင်းခြင်းရှိ တော်မူသည်။ သူသည် ထာဝစဉ် ဖြောင့်မတ်ခြင်းရှိတော်မူသည်။ သူသည် ထာဝစဉ် တရားမျှတခြင်း ရှိတော်မူသည်။ သူသည်ထာဝစဉ် ချစ်ခြင်းမေတ္တာ ရှိတော်မူသည်။ ဘုရား သခင်သည် သူ့ကိုယ်သူ ပြောသည်မှာ “ငါသည် ထာဝရဘုရားဖြစ်၏။ ပြောင်းလဲခြင်း မရှိ”ဟု ဆို၏။ (မာလခိ၊၃း၆)

ယခု ကျွန်ုပ်တို့သည် အံ့ဘွယ်ကောင်းသော သစ္စာတရား တစ်ခုသို့ ရောက်ရှိ လာခဲ့ပြီး။ ဘုရားသခင်သည် တချိန်သောအခါက လူသားတစ်ဦးအဖြစ် လူ့ဇာတိကို ခံယူခဲ့ခြင်းကို သင်သည် သိပါသလား။ ဘုရားသခင်၏ သားတော်သည် တချိန်က ဤလောကသို့ ခလေးငယ် တစ်ဦးအဖြစ် မွေးဘွား ရန် ကြွလာခဲ့ပါသည်။ ကျမ်းစာက “အကြောင်းမူကား ငါတို့အဘို့ သူငယ်ကို ဘွားမြင်၏။ ထိုသူသည် အုပ်စိုးခြင်း အာဏာစက် ရှိလိမ့်မည်။ နာမတော် မူကား အံ့ဩဘွယ်၊ တိုင်ပင်ဘက်၊ တန်ခိုးကြီးသော ဘုရားသခင်၊ ထာဝရ အဘ၊ ငြိမ်သက်ခြင်းအရှင်ဟု ခေါ်ဝေါ်သမုတ်ခြင်းကို ခံတော်မူလိမ့်မည်”ဟု ဆိုသည်။ (ဟေရှာ၊၉း၆)

သို့သော် သင်သည် မေးနိုင်ပါသည်။“ယေရှုခရစ်သည် ဧကန်အမှန် ဘုရား သခင် ဖြစ်ပါသလား။” သူသည် ဧကန်အမှန် ဘုရားသခင်ဖြစ်တော်မူ သည်။ သူသည် ဤလောကသို့ ခလေးငယ်တစ်ဦး အဖြစ် မွေးဘွား လာခဲ့ပြီး၊ နွား စားခွက်၌ သိပ်ထားခြင်းကို ခံခဲ့ရပါသည်။ သို့သော်သူသည် “တန်ခိုး ကြီးသော ဘုရားသခင်ဖြစ်သည်။” ယေရှုသည် လူသားတစ်ဦး ဖြစ်ခဲ့သော် လည်း သူသည် ဘုရားသခင် ဖြစ်တော်မူသည်။ ကျမ်းစာက “မှန်သော ကိုးကွယ်ခြင်း၏ နက်နဲသော အရာသည် ကြီးစွာသောအရာ ဖြစ်သည်ဟု ငြင်းခုံရန် မရှိ။ ဘုရားသခင်သည် ကိုယ်ခန္ဓာ၌ ပေါ်ထွန်း တော်မူပြီး…”ဟု ဆိုသည်။ (၁တိ၊၃း၁၆)

ယခု ကျွန်ုပ်တို့သည် အလွန်မှ အရေးကြီးသော မေးခွန်းတစ်ခုကို မေးရန် ရှိလာပါသည်။ သခင်ယေရှုသည် အဘယ်ကြောင့် ဤလောကသို့ ကြွဆင်း လာခဲ့ရပါသနည်း။ သူသည် ကြွဆင်းလာရခြင်းအကြောင်းကား ကျွန်ုပ် တို့သည် ကယ်တင်ရှင်ကို လိုအပ်သောကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့သည် အပြစ်သား များ ဖြစ်ကြသည်။ ကျွန်ုပ်တို့သည် မှားသော အရာများကို ပြောဆို တတ်ကြသည်။ မှားသော အရာများကို ပြုလုပ်တတ်ကြသည်။

ဘုရားသခင်သည် သန့်ရှင်းခြင်းနှင့် ဖြောင့်မတ်ခြင်း ဖြစ်သောကြောင့် သူသည် အပြစ်ကို ဒါဏ်ပေးရပေမည်။ သူသည် ချစ်ခြင်းမေတ္တာဖြစ်သောကြောင့် သူ၏သားတော်ကို ကျွန်ုပ်တို့ကိုယ်စားအသေခံရန် သူသည် ပေးခဲ့ရပါသည်။ ကျမ်းစာ တစ်ခုလုံး၌ အဘိုးအထိုက်ဆုံးသော သစ္စာတရား တခုမှာ ဘုရားသခင်၏ သားတော်သည် ကျွန်ုပ်တို့ကိုချစ်၍ ကောင်းကင်ဘုံကို စွန့်ကာ လူသားတဦးအဖြစ် လူ့ဇာတိကို ခံယူခဲ့ခြင်းသည် ကျွန်ုပ်တို့အတွက် အသေခံ ရန် ဖြစ်သည်။ သခင်ယေရှုသည် လက်ဝါးကပ်တိုင်ပေါ် အသေ ခံခဲ့ခြင်း ကြောင့်၊ ယခုမှာ ဘုရားသခင်သည် ခရစ်တော်ကို မိမိတို့၏ ကယ်တင်ရှင် အဖြစ် ယုံကြည်လက်ခံသောသူအားလုံးတို့၏ အပြစ်များကို ခွင့်လွှတ်ခဲ့ခြင်း ဖြစ်သည်။ ဘုရားသခင်သည် ကျွန်ုပ်တို့၏အပြစ်များကို လျစ်လျူရှုခြင်း၊ မမြင် ဟန်ဆောင် ပြုခြင်းကို ပြုလုပ်၍ မရပါ။ ကျွန်ုပ်တို့အတွက် သွန်းတော်မူခဲ့သော သူ၏ သားတော်၏အသွေးကို ကျွန်ုပ်တို့၌ မြင်တော်မူသောကြောင့် အပြစ် များကို ခွင့်လွှတ်ခဲ့ခြင်းဖြစ်သည်။ ကျမ်းစာက “ထိုသားတော်၏ အသွေးအား ဖြင့် အပြစ်လွှတ်တော်မူခြင်း တည်းဟူသော ရွေးနှုတ်တော်မူခြင်း ကျေးဇူးကို ငါတို့သည် ခံရကြ၏”ဟုဆိုသည်။ (ကော၊၁း၁၄)

သင်သည် သခင်ယေရှုကို ကယ်တင်ရှင်အဖြစ် ယုံကြည်လက်ခံခဲ့ပြီးပြီလား။ ယုံကြည်လက်ခံခဲ့ ပြီးသော် သင်၏အပြစ်များ အားလုံးသည် အပြစ်ခွင့်လွှတ်ခြင်းကို ခံခဲ့ရပြီး ဖြစ်သည်။ သင်သည် ဘုရားသခင်၏ သားတစ်ဦး ဖြစ်လာခဲ့ပြီး။ ဘုရားသခင်သည် သင်၏ကောင်းကင်ဘုံ အဘ ဖြစ်တော်မူသည်။ သင်၏ လိုအပ်မှု အရာအားလုံးအတွက် ဘုရားသခင်၏ အပေါ် မှီခိုအားကိုး နိုင်ပါသည်။ ဤအရာကား အံ့ဘွယ်ကောင်းသော အရာ ဖြစ်ပေသည်။ ဟုတ်မှန်ပေသည်။ ဘုရားသခင်သည် ဘယ်မျှ ကြီးမြတ်ကြောင်းနှင့် ကျွန်ုပ်တို့ကို ဘယ်မျှ ချစ်ကြောင်းကို ဖတ်ရှုရပြီးနောက်၊ ဘယ်အရာများက သင့်ကို ဘာကို ပြုလုပ်ရန် နှိုးဆော်ပါသနည်း။ သင်သည် ဘုရားသခင်ကို ကိုး ကွယ်ခြင်းနှင့် ချီးမွမ်းခြင်းတို့ကို ပြုလုပ်လိုစိတ်ရှိလာအောင် စိတ်တွင် ဖြစ်လာစေသည်။ ဟုတ်ပါသလား။ ဘုရားသခင်သည် သင့်အား ဘယ်အရာ များကို မှန်ကန်စွာ ပြုလုပ်စေချင်သည်ကို သင်သည်သိပါသလား။ သို့ဖြစ်လျှင် ယခုပင် သင်သည် ဘုရားသခင်နှင့် ဆုတောင်းခြင်းဖြင့် စကား ပြောရန် တိတ်ဆိတ်သော နေရာကို ရှာဖွေပါ။ သူသည် သင်၏စိတ်တွင် အလွန် ကြီးမြတ်ကြောင်းနှင့် အံ့ဘွယ်ကောင်းကြောင်းကို သူ့အားပြောပါ။ သင်၏ အသက်တာ၌ရှိသော အပြစ်များကို ဘုရားသခင်ထံ ဖော်ပြဝန်ချ တောင်းပန်ပါ။ သင်၏ အပြစ်များ အတွက် အသေခံရန် သားတော် သခင် ယေရှုကို စေလွှတ်ခဲ့ခြင်းအတွက် ဘုရား သခင်အား ကျေးဇူးတင်ကြောင်းကို ပြောပါ။ သူ၏ ကြီးမြတ်ခြင်းနှင့် ကောင်း မြတ်ခြင်း အတွက် သူ့ကို ချီးမွမ်းပါ။ ကျမ်းစာက “ထာဝရဘုရား သည် ကြီးမြတ်၍ အလွန် ချီးမွမ်း ဘွယ် ဖြစ်တော်မူသည်။ ကြီးမြတ်တော်မူခြင်းကို စစ်၍ မကုန်နိုင်”ဟု ဆိုသည်။ (ဆာ၊၁၄၅း၃)

ဘုရားသခင်သည် အလွန်ကြီးမြတ်တော်မူသည်။ သူသည် စကြာဝဠာကြီး တစ်ခုလုံးကို ဖန်ဆင်းခဲ့ပါသည်။ ကျွန်ုပ်တို့ကိုလည်း သိတော် မူပြီး ချစ်ခင်မြတ်နိုး တော်မူသည်။ ။ **(အနီဒရှူး)**

---

## ဆုတောင်းခြင်း၏ရလဒ်

‘မ’(ယုံကြည်သူ)



ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ရှေးဦးစွာ ချီးမွမ်း ပါတယ်။ ‘မ’ သက်သေ ခံချင်တဲ့ အရာတစ်ခုကတော့ ဆု တောင်းခြင်း ပါဘဲ၊ မ စင်ကာပူကို ၂၀၀၅ ခုနှစ်မှာ ဒုတိယအကြိမ် ရောက်ရှိပါတယ်။ ဒီလို ရောက် လာရခြင်းဟာလဲ သူငယ်ချင်းတစ်ဦးရဲ့ အကူအညီ ပေးမှုကြောင့်ပါဘဲ။ မ ရဲ့ အလုပ်ရှင်က ဩစတေးလျား နိုင်ငံသား တစ်ယောက်ဖြစ်ပြီး ဆရာမကတော့ တရုတ်မ တစ်ယောက်ပါ။ သူငယ်ချင်းရဲ့ ကျေးဇူးကြောင့် မ ဒီမိသားစုလေးထဲမှာ အလုပ်ရရှိခဲ့ပါတယ်။

အလုပ်ရှင် လင်မယားနဲ့ ကလေး ၃ယောက် အပါအဝင် ဆရာမရဲ့ ဖခင်တို့ မိသားစု အားလုံးဟာ စိတ်သဘောထား ပြည့်ဝပြီး မ ကို သူတို့ မိသားစုဝင် တစ်ယောက်လို ကူညီစောင့်ရှောက်မှုများ ပေးခဲ့ပါတယ်။ အတော့်ကို စိတ်နှလုံး လှတဲ့ မိသားစုလေးပါ။ ဒါပေမဲ့လဲ အိမ်က ကြီးတဲ့အတွက်ကြောင့်ရယ် အလုပ်များတာရယ်ကြောင့်ရယ် Work permit Extension ထပ်မတိုးဘဲ နောက် တစ်အိမ်ကို ပြောင်းပြီး အလုပ်အသစ်ရှာခဲ့ပါတယ်။ အခုတော့ နောက် တရုတ် မိသားစု အိမ်တစ်အိမ်မှာ အလုပ်ဝင်နေခဲ့တာ တစ်နှစ်လောက် ကြာခဲ့ပါပြီ။

‘မ’ ခွန်အားပေးချင်တာကတော့ အရင် အလုပ်လုပ်ခဲ့တဲ့ မိသားစုလေး ဟာ သနားကြင်နာတတ်ပြီး စိတ်နှလုံးလှကြောင်းကို စာဖတ်သူများအား

တဆင့် ဝေမျှ သက်သေခံလိုခြင်းဖြစ်ပါတယ်။ အဲဒီမိသားစုလေးဟာ မ ကို အခုအချိန်ထိ ကရုစိုက်မှုတွေ ရှိနေဆဲပါ။ အားလုံးသိကြတဲ့အတိုင်း မြန်မာပြည်မှာ ၃–၅–၂၀၀၈ ခုနှစ် နေ့က နာဂစ် ဆိုင်ကလုန်းမုန်တိုင်း ကြောင့် သေဆုံးသွားတဲ့သူတွေ အများကြီး ရှိခဲ့ပါတယ်။ မ ရဲ့ မိသားစု ဆွေမျိုးတွေ အပါအဝင် အိုးမဲ့ အိမ်မဲ့ ဖြစ်သွားတဲ့ သူတွေ မနည်းမနော ပါဘဲ။ သတင်းတွေ ကြည့်ပြီး စိတ်မကောင်း ဖြစ်ခဲ့ရပါတယ်။ မ မိသားစု အပါအဝင် အိုးမဲ့ အိမ်မဲ့ဖြစ်သွားတဲ့သူတွေအတွက် မ ညတိုင်း ဘုရားသခင်ကို စိတ်ထဲမှာ မြင်ယောင်ပြီး အားလုံးအတွက် ဆုတောင်း ပေးခဲ့ပါတယ်။ ဒုက္ခ ရောက်တဲ့သူတွေကို လှူချင်တဲ့ စိတ်လဲ ဖြစ်ခဲ့ပါတယ်။ ဘုရားသခင်ဟာ လှူ ချင်စိတ်ဖြစ်တဲ့ စင်ကာပူမှာ လခ အနည်းဆုံးရတဲ့ ‘မ’ရဲ့ ဆန္ဒကို ဖြည့်ပေးတဲ့ အနေနဲ့ မုန်တိုင်းတိုက်ပြီး ၃ ရက်အကြာမှာ အရင် အလုပ်ရှင်က ‘မ’ ဆီကို ဆက်သွယ်ပါတယ်။ မ က သူ့အိမ်ကို မကြိုက်လို့ အလုပ် ပြောင်းသွားပေမဲ့ သူက စိတ်မကွက်ဘဲ မကြာမကြာ မ ကို ဆက်သွယ်ပါတယ်။ မြန်မာပြည်က သတင်းတစ်ခုခုကို စင်ကာပူ တီဗီ က လွှင့်လိုက်တိုင်း “မင်းတို့ မိသားစု မြန်မာပြည်မှာ အဆင်ပြေရဲ့လား”လို့ မေးတတ်ပါတယ်။ ကျွန်မလဲ မိသားစုဝင်တွေ အသက် မဆုံးရှုံးပေမဲ့ အိမ် နည်းနည်း ပျက်ဆီးသွားကြောင်း အကြောင်း ပြန်လိုက်ပါတယ်။ စေတနာ ရက်ရောတဲ့ မိသားစုလေးဟာ သူတို့ လှူချင်ကြောင်း ကျွန်မကို ချက်ချင်းအကြောင်းပြန်ပါတယ်။

‘မ’ လေ၊ ဝမ်းသာလိုက်တာ။ အိုးမဲ့ အိမ်မဲ့ ဖြစ်သွားတဲ့ မြန်မာပြည်သူ ပြည်သားတွေ အပါအဝင် မ တို့ မိသားစုအတွက်ရောပေ့ါ။ တနင်္ဂနွေပိတ်ရက်မှာ အခု အလုပ်လုပ်နေတဲ့ အိမ်ကို သူကိုယ်တိုင် ကားနဲ့ လာခေါ်ပြီး City Hall အထိ လိုက်ပို့ပေးပါတယ်။ လှူမဲ့ ပစ္စည်းတွေကိုလဲ သူ့ရဲ့ ကားလေးနဲ့ အပြည့် ထည့်လာပါတယ်။ ကျွန်မ သူတို့ကို ကြည့်ပြီး ကြည်နူးလိုက်တာ။ သူ့မှာ ကိုယ်ဝန်ကြီးနဲ့ ကားပေါ်က လှူမဲ့ ပစ္စည်းတွေကို အားတက်သရော အတင်အချ လုပ်နေပါတယ်။ နောက်တော့ မ ရဲ့ မိသားစု အတွက် ဆိုပြီး စင်ကာပူ ဒေါ်လာ ၈၀၀ တိတိ မ ကို ပေးခဲ့ပါတယ်။ တကယ်ကို မယုံလောက်စရာပါဘဲ။ မ အိမ်မက် မက် နေတာ မဟုတ်ပါဘူးနော်။ တကယ့်ကို သူပေးခဲ့တာပါ။ ‘မ’ ပျော်လိုက်တာ။ အဲဒီနေ့ပေ့ါ မှတ်မိသေးတယ်။ ၁၁–၅–၂၀၀၈ တနင်္ဂနွေနေ့လေးပေ့ါ။ ဘုရားကျောင်း မှာ ဆယ်ဖို့ တစ်ဖို့ ဖယ်ပြီး ကျန်တာကို မြန်မာပြည်မှာရှိတဲ့ မိသားစု ကို ပို့ခဲ့ပါတယ်။

ဘုရားသခင်ဟာ တောင်းရင် တကယ်ပေးတဲ့ ဘုရားဖြစ်တယ်ဆိုတာ ကျွန်မ ယုံပါပြီ။ ဘုရားသခင်ဟာ မတို့ အတွက် အမြဲရှိနေတယ်ဆိုတာ ‘မ’ ယုံပါ ပြီ။ အယောက်ဆီတိုင်းကို ဘုရားသခင်ကောင်းကြီးပေးပါစေ။ အာမင်။

*မ (ယုံကြည်သူ)*

အခြေပြုကျမ်း ။ မဿဲ ၇း၇–၈။ တောင်းကြလော့။ တောင်းလျှင် ရမည်။ ရှာကြလော့။ ရှာလျှင် တွေ့မည်။ တံခါးကို ခေါက်ကြလော့ ခေါက်လျှင် ဖွင့်မည်။

---

## သက်သေခံချက် (Sabai)

ကြီးမြတ်တော်မူသော အဖဘုရားသခင်ရဲ့ ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျေးဇူးတော်ကြောင့် စင်ကာပူနိုင်ငံမှာ အရည် အချင်း မမီတဲ့ ကျွန်မကို အလုပ်လုပ်ခွင့် ကိုယ်တော်ရှင်က ပေးခဲ့ပါတယ်။ ကျွန်မ စင်ကာပူ နိုင်ငံကို ၁၀–၅–၂၀၀၇ မှာရောက်လာပါတယ်။ အလုပ်ဝင်ခွင့် စာမေးပွဲအတွက် ကျွန်မ ဘာမှ ပြင်ဆင်ချိန် မရှိသလို မြန်မာပြည်က လူတွေနဲ့လဲ စာမေးပွဲခန်းမှာ မတွေ့ခဲ့ဘူး။ အခြား နိုင်ငံက သူငယ်ချင်းတွေနဲ့ အတူတူ အိပ်စားရင်းနဲ့ တစ်ရက် ဆိုတဲ့ အတိုင်းအတာ ကို ကျော်လွှန်လာခဲ့တယ်။ စာမေးပွဲ ဖြေရမယ်ဆိုတော့ စာရွက် စာတမ်း မစုံလို့တဲ့ ကျွန်မ ဖြေခွင့်မရခဲ့ပါဘူး။ သောကြာတစ်ရက် ကုန်သွားပြန်ရော။ ဒါကလဲ ဘုရားသခင်ရဲ့ အကြံအစည်ဆိုတာ ကျွန်မ မစဉ်းစားမိခဲ့ဘူး။ စိတ်ထဲမှာ ဆုတောင်းနေပေမဲ့ စိတ်က ဟိုရောက် ဒီရောက်နဲ့ မမျှော်လင့်ဘဲ ဗမာ မလေး တစ်ယောက်နဲ့ သိခွင့်ရခဲ့ပြီး စာမေးပွဲအကြောင်း စသိခွင့်ရခဲ့တယ်။ ဖြေချိန်က နည်းပြီးတော့ အမှတ်ပြည့်ရအောင် ကျွန်မ ဘယ်လိုဖြေနိုင်မှာလဲ။ စာ တစ်ကြောင်းကို ဖတ်လို့ နားမလည်ရင် ဆက်မဖတ်နဲ့၊ မစဉ်းစားနဲ့၊ နောက် တစ်ခုကို ထပ်ဖြေကြည့်တဲ့ ဘုရား၊ ဘုရား။ ကျွန်မတော့ သွားပြီထင်တယ်။ ကိုယ်တော် သမီးကို ကူညီပါ။ ကိုယ်တော် မကယ်ရင်တော့ ကျွန်မ သေပြီ။ ဒါနဲ့ဘဲ တနင်္လာနေ့မှာ စာမေးပွဲ တကယ်ဖြေရတော့မယ်။ ကျွန်မ သောကတွေ အရမ်းများ နေတယ်။ ကိုယ်တော် သမီးကို ကူညီပါနော် မကူညီရင်တော့ ကလေးတွေ ပြောသလို မခေါ်တော့ဘူး။ စိတ်ကောက် မယ်ပေ့ါ။ အတင်းဘဲ ပူဆာ နေမိတယ်။ မရ မက၊ ကပ်သီး ကပ်သပ် အဖဘုရားသခင်ကို ပူဆာ တော့တာဘဲ။ ကိုယ်တော်က ကျွန်မအတွက် အကောင်းဆုံးကို ပြင်ဆင်ပေးပါတယ်။



စာမေးပွဲခန်းထဲက ပြန်ထွက်လာတော့ စိတ်ထဲမှ မအေးချမ်း လိုက်တာ။ အဖြေကို နားထောင်ရမှာ ကြောက်နေမိတယ်။ စာမေးပွဲအတွက် လိုက်လုပ် ပေးတဲ့ ပွဲစားကလဲ တစ်ချိန်လုံး ခြိမ်းခြောက်ခြင်းသံကြီးနဲ့ ဟောက်နေတယ်။ စာမေးပွဲ မအောင်ရင် ပြန်ပို့မယ် ဆိုတာချည်းဘဲ။ အရေးထဲမှာ သူ့ကိုလဲ ကြောက် နေရသေး တယ်။ စာမေးပွဲ အဖြေလွှာ တစ်ဖွေ့တစ်ပိုက်နဲ့ ငါးဆားနယ် မျက်နှာ၊ ခြိမ်းခြောက်အသံနဲ့ ပွဲစားက ထွက်လာတော့၊ ကျွန်မ စိတ်ထဲမှာ ငါတော့ သေပြီဆရာပေ့ါ။ သို့သော် ကိုယ်တော်က ကျွန်မကို မစ ပါတယ်။ စာမေးပွဲ အောင်ခွင့် ပေးတဲ့ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကို အကြိမ်ကြိမ် ချီးမွမ်းမိပါ တယ်။ ဒီလိုနဲ့ ပွဲစားအိမ်ကို ပြန်ရောက်လာတော့ ကျွန်မက အဖွားကြီးကို ကြည့် ရမှာမို့ တရုတ်စာ သင်ရပြန်ရော။ ကျွန်မ တော့ခက်ပြီ။ အင်္ဂလိပ်လို မကျွမ်း၊ တရုတ်လို မတတ်နဲ့။ အလုပ်ဝင်လို့ သုံးပါတ်မြောက်တဲ့နေ့မှာ ကျွန်မ ပြုတ်စော်နံပါတော့တယ်။ ကျွန်မ အရမ်းငိုတယ်။ ပြန်မယ် ဆိုတာချည်းဘဲ။ ပွဲစားအိမ်မှာ နေရင်းနဲ့ အင်တာဗျူးတွေနဲ့ဘဲ အချိန်ကုန်ခဲ့တယ်။ တစ်နေ့တော့ သူဌေး တစ်ယောက် ရောက်လာပြီး အင်တာဗျူးပါတယ်။ ကျွန်မကို ကြိုက်တယ် တဲ့ အလုပ်ရပြီပေ့ါ။ ကျွန်မ သူငယ်ချင်းက ပြောတယ်။ နင်တော့ သေပြီ။ အဲဒီ သူဌေး အရမ်းဆိုးတယ်။ ငါတောင် အဲဒီအိမ်မှာ သုံးပါတ်ဘဲ ခံတယ်၊ အခု အလုပ်ပြုတ်သွားပြီ။ လို့ပြောပါတယ်။ သေလဲ မတတ်နိုင်ဘူး။ ဆုတ်လဲ စူး၊ စားလဲ ရှူးဘဲ ။ မတတ်နိုင်ဘူး လုပ်ရမှာဘဲ။

ကျေးဇူးတော်ကြောင့် ဒီကနေ့အထိ ကျွန်မ မသေသေးပါဘူး။ ယုံကြည်သူ မိသားစုနဲ့ နေခွင့်ရတယ်။ ကျွန်မ အရမ်း မပျော်ပေမဲ့ အရမ်းကို အဆင်ပြေပါတယ်။ ကျွန်မတို့ ကိုးကွယ်တဲ့ ဘုရားသခင်က ကျွန်မတို့ ကို ပစ်မထားပါဘူး။ ကိုယ်တော့်ကို နေရာတိုင်းမှာ ဦးစားပေး၊ ဦးထိပ် ထားကြပါ။ ကိုယ်တော်က သူ့ သားသမီးတွေအတွက် အကောင်းဆုံး ပြင်ဆင်ပေးထားပါတယ်။ ကျွန်မ သမီးလေး ဆိုနေကျ သီချင်းလေးတစ်ပုဒ်ကို နားထဲမှာ ပြန်ကြားယောင် နေမိပါတယ်။ “ကိုယ်တော်သည် အံ့သြဖွယ်”တဲ့။ ။ **( Sabai )**

---

### *ဆိုင်းငံ့လျှက်ပင် အိုအေစစ် ရေစင်*



အမေက သူရိန်နေမင်း ဖြစ်ခဲ့ရင် ၊ အမေ့အရောင် စွမ်းအားကြောင့် စန္ဒာလမင်း ဖြစ်ခွင့် ရသူက သမီးပါ ။

ပင်လယ်သမုဒ္ဒရာကြီး အမေ ဖြစ်ခဲ့ရင် သမီး ဟာ အမေ့ကိုယ်ပွား မြစ် လက်တက်လေး တစ်ခု ဖြစ်မှာ ။

အမေသာ ကမ္ဘာကျော် ဘီလျံနာကြီး ဖြစ်သွားခဲ့ရင် အရှိန်အဟုန်နဲ့ ဂုဏ်မြောက် အရောင်တောက်မဲ့ သူက သမီး ဖြစ်လာ ။

အများအမြင် သမီးကို ခရစ်ယာန် တစ်ဦးထင်၊ အမှန်ကတော့ ဟန်ဆောင် ကာ အရောင်တင် ။

သုတ္တံ၏ ဆုံးမ စကားတော့ သိသလိုပင်၊ ပတ်ဝန်းကျင် ဆိုတာ အခက်သား၊ အတုမြင် အတတ်သင်ကာ လမ်းမှား၊ ကယောင်ကတမ်းနဲ့ အမှောင် လမ်းတော့ မြည်းစမ်းခွင့် ပြုပါ အမေ။

အမေ့ကို ကျောခိုင်း ကိုယ်ပိုင်အစွမ်းနဲ့ ခြေရာချင်း တိုင်းခွင့် ပြုပါ အမေ ။

ပုရိသ တွေကြား ခေတ်စား၊ ပုလဲဖြူ ဆိုတာ ဆိုင်းတောင် တခွင် အထင်ကရ ပါ။ ဖားကန့်နယ်က ကိုလောပန်းများ ပေးတဲ့အမြတ်ဟာ ကမ္ဘာ့ စံချိန်မီ အိပ်ချ်အိုင်ဗီ ။

ကန္တာရ အလယ်၊ ကျောခင်း မိသူမို့ အငတ်ပြေ ရေစင် တစ်ခွက် အိုအေစစ် အမေ့ဆီက မျှော်လင့်လျှက်ပါ ။ ။ *ခင်မာ (ပုသိမ်)*

---

မည်သူမဆို စာမူများ ရေးသား ပေးပို့နိုင်ပါသည် ( နိုင်ငံရေး၊ လူမျိုးရေး၊ ဂိုဏ်းဂန နှင့် ငြိစွန်း ပါတ်သက်သော စာမူများကို လုံးဝ လက်မခံပါ )

**Min Aung Thet Lwin, 142A , Changi road , Singapore 419724**
**E-mail; min_atl @ yahoo.com.sg (( Phone (65) 81222320 ))**

((သခင့်စကား စာစောင်ကို www.jbcs.org.sg တွင်အခမဲ့ ဖတ်ရှုနိုင်ပါသည် ))